
Online
WunZinn
စာပေ
ဇေယသန
(ရာမည)
အောင်မြတ်သာ နှင့်
ဂမ္ဘီရဖြစ်ရပ်ဆန်း ဇာတ်လမ်းတွဲများ
အပိုင်း-၁

# အောင်မြတ်သာနှင့်
# ဂမ္ဘီရဖြစ်ရပ်ဆန်း ဇာတ်လမ်းတွဲများ
## အပိုင်း (၁)
## ဧယန (ရာမည)
## ဘုံဘဝမှာဖြင့်
## အပိုင်း (၁)

သူရိန်နေမင်းကြီးက အရှေ့ဘက် တောင်တန်းတွေ ကြားထဲကနေ ပုစွန်ဆီရောင် အလင်းရောင်ခြည်တွေကို လောကတစ်ခွင် ပျို့အန်ချလုဆဲဆဲ အချိန် ကျေးငှက်သာရကာတို့ရဲ့ သာယာနာပျော်ဖွယ် အသံလေးတွေနဲ့အတူ သာယာကုန်းရွာလေးက သက်ဝင်လှုပ်ရှား လာလေပြီ။

မနက် အရုဏ်တက်ချိန် လယ်ထဲကိုင်းထဲ ဆင်းကြသည့် တောင်သူလယ်သမားတွေရဲ့ စကားသံ၊ 'ဟဲ့ ညိုနက် … ဖေ့သားကြီး မြန်မြန်သွားပါဟ' ဆိုတဲ့ လှည်းသမားတွေရဲ့ အသံ၊ တောင်းတွေပလုံးတွေ ထိပြီး ထွက်ပေါ်လာတဲ့ တဂွမ်ဂွမ် အသံတွေ ကြောင့်လည်း သာယာကုန်း ရွာလေးက ပိုပြီး အသက်ဝင်လာ ခဲ့တယ်ဆိုလည်း မမှားပါဘူး။

အလားတူ ရွာထိပ်က တဲအိမ်လေးမှာလည်း ရေနံ့ဆီမီးအိမ်က အလင်းမှိန်မှိန်လေး ထွက်ပေါ်လာလေပြီ။ များမကြာမီ တဲအိမ်လေးရဲ့ ဘေးဘက်ထန်းလက်တွေ ကာထားတဲ့ အကြော်တဲလေးမှာ မီးခိုးအူအူလေးတွေ တလွင့်လွင့် တက်လာတာကို မြင်ရတော့မှာ ဖြစ်ပါတယ်။ အဲဒီအကြော်တဲ လေးကတော့ မရင်လှရဲ့ ကိုယ်ပိုင်ဝင်ငွေကို ရှာဖွေပေးနေတဲ့ ကုမ္ပဏီကြီး တစ်ခု

ပေါ့ဗျာ။

'သားကြီးရေ ... သား လူလေး အောင်မြတ်သာ ထတော့လေ၊ မိုးသောက်နေပြီ။ အမေ အကြော်ကြော်ဖို့ မီးမွှေးထားပြီးပြီ။ လူလေး ထတော့'

'အီး ... အဲ ...'ဆိုတဲ့ အသံနဲ့အတူ လက်နှစ်ဖက်ကို ဆန့်တန်းပြီး အကြောဖြေလိုက်တယ်။ ပြီးတော့ အိမ်နောက်ဖေးက ရေအိုးထဲက ရေကို အုန်းမှုတ်ခွက်နဲ့ ခပ်ပြီး အမေ အဆင်သင့် ထားထားတဲ့ မီးသွေးခဲနဲ့ သွားတိုက်၊ ပလုတ်ကျင်းပြီး အိမ်ပေါ်ပြန်တက်လာတော့ ညီမလေး ထွေးငယ်က အိပ်မော ကျနေတုန်း။ အဲဒါနဲ့ အိပ်ပျော်နေတဲ့ ညီမလေးရဲ့ နဖူးပြင်လေးကို အသာအယာ ဖွဖွလေးနမ်းပြီး နိစ္စဓူဝ ကိစ္စတွေကို အမေနဲ့အတူ ဝိုင်းလုပ်ဖို့ တက်ကြွတဲ့ ခြေလှမ်းတွေနဲ့ အကြော်တဲလေးထဲကို ဝင်တော့ မီးဖိုဘေးမှာ အလုပ်များနေတဲ့ အမေက အပြုံးလေးနဲ့ ဆီးကြိုတယ်။ အဲဒါကတော့ အောင်မြတ်သာတို့ မိသားစုလေးရဲ့ နေ့စဉ်ဘဝပါပဲ။

မရင်လှမှာက ယောကျ်ားမရှိတော့ဘူး။ အငယ်မလေး ထွေးငယ် လသား အရွယ်မှာပဲ လယ်ထဲဆင်းရင်း ပိုးထိလို့ ဆုံးပါးသွားခဲ့တယ်။ အဲဒီ ချိန်က အောင်မြတ်သာက ငါးနှစ်သာသာပေါ့။ လူမမည် ကလေးလေး နှစ်ယောက်နဲ့ မရင်လှ တစ်ယောက် ဘဝရဲ့ ဒုက္ခတွေကို ခါးစည်းခံပြီး ကျွေးမွေးလာတာ ခုဆို အောင်မြတ်သာလေးတောင် ဆယ့်သုံးနှစ်ကျော်လို့ ဆယ့်လေးနှစ်ထဲ ဝင်လာပါကောလား။ ထွေးငယ်လေးကတော့ ရှစ်နှစ်ကျော်လေးပဲ ရှိသေးတယ်။ အဲဒါနဲ့ ရွာထိပ်က တဲလေးမှာပဲ အကြော် ကြော်ရောင်းရင်းနဲ့ သားအမိသုံးယောက် ဘဝကို အရှုံးမပေးဘဲ ပျော်ပျော်ရွှင်ရွှင် နေလာခဲ့တာ ခုဆို အောင်မြတ်သာလေးတောင် အားကိုးလို့ ရနေပြီ။

'သားရေ ... ဘူးသီးလေး လှီးထားလိုက်၊ အမေ ဆီအိုးတည်ထားတယ်။ ဆီအိုးပူတာနဲ့ အဆင်သင့် ကြော်လို့ရအောင်'

အောင်မြတ်သာ တစ်ယောက် နေ့စဉ် လုပ်နေကျ အလုပ်ဖြစ်လို့ ကျွမ်းကျင်စွာပဲ ဘူးသီးတစ်လုံးကို အလယ်ကနေ ပိုင်းပြီး အနေတော် အစိတ်လေးတွေ လှီးနေလိုက်တယ်။

'အမေ ရပြီ၊ ဘူးသီးက အဆင်သင့်ဖြစ်ပြီ။ ဆီပူရင် ကြော်လို့ရပြီနော်'

'အေး ... အေး၊ သား မင်းညီမလေးကိုလည်း တစ်ချက်သွားကြည့် လိုက်ဦး။ ခြင်တွေ၊ မှက်တွေ ကိုက်နေဦးမယ်။ ကျန်တာ အမေဆက်လုပ် လိုက်မယ်'

ဆိုတာနဲ့ အောင်မြတ်သာ တစ်ယောက် 'ဟုတ်ကဲ့ ... အမေ' ဆိုပြီး ယိုင်တိယိုင်တိုင် တဲလေးပေါ်ကို တက်လို့ အိပ်ပျော်နေတဲ့ ထွေးငယ်လေး ဘေးကနေ ယပ်ခတ်ပေးရင်း အိပ်မောကျနေတဲ့ ထွေးငယ်လေးရဲ့ ပါးကို ရွှတ်ခနဲ တစ်ချက်နမ်းလိုက်တယ်။ အဲဒီလိုနဲ့ မနက်နေ ထန်းတစ်ပင် အလယ်လောက် ရောက်လုနီးနီးမှာပဲ အကြော်တွေ ကုန်သွားပြီ။ အဲဒါနဲ့ သိမ်းဆည်းစရာရှိတာ အမေနဲ့အတူတူ သိမ်းဆည်းပြီး အိမ်ပေါ်တက်လာတော့ ထွေးငယ်လေးက နိုးပြီး မျက်နှာတောင် သစ်ပြီးနေပြီ။

'ဟာ ... အစ်ကို့ ညီမလေးတောင် နိုးနေပြီကိုး။ လာလာ ... အမေ အစ်ကိုတို့အတွက် အကြော်တွေ ချန်ထားပေးတယ်။ ထမင်းကြမ်းခဲလေးနဲ့ စားရအောင်'

'ကိုကြီး ... ကြက်သွန်ကြော် ရှိသေးလား။ ညီမလေး အဲဒါနဲ့ စားချင်တယ်'

'ဟ ... ဟ ရှိပ့ါဗျာ ရှိပ့ါ။ ညီမလေး ကြိုက်တတ်မှန်း သိလို့ အမေက ချန်ထား ပေးပါတယ်ဗျ'

'ဝေး ... ဒါမှ သမီးမေမေကွ'

ဆိုပြီး မေမေ့ပေါင်ပေါ် တက်ထိုင်ပြီး ဆီချေးတွေ ပေနေတဲ့ မေမေ့ပါးကို

ရွှတ်ခနဲ နမ်းလိုက်တယ်။ မေမေကတော့ ...

'အကဲမလေး ပိုပြီ။ သွား ... ကိုကြီးနဲ့ တူတူသွားစား၊ မေမေ ထမင်းအိုး တည်လိုက်ဦးမယ်'

ဆိုတော့မှ မေမေ့ပေါင်ပေါ်ကနေ ဆင်းပြီး မောင်နှမနှစ်ယောက် ထမင်းကြမ်းခဲနဲ့ အကြော် နယ်ဖတ်စားနေရင်း အားရပါးရ စားနေတဲ့ ထွေးငယ်လေးကို ထိုင်ကြည့်ပြီး အောင်မြတ်သာ တစ်ယောက် ပြုံးလိုက်မိတယ်။

အဲဒီလိုနဲ့ မနက်က အစောကြီး ထထားရတော့ ထမင်းစားပြီးတာနဲ့ မျက်လုံးက ငိုက်လာတယ်။

'အမေ သား ခဏအိပ်လိုက်ဦးမယ်။ ထွေးငယ်ကို အဝေးကြီး သွားမကစား စေနဲ့နော်။ သူက လက်ကလည်း သွက်ပါဘိနဲ့။ တခြားကလေးတွေနဲ့ ရန်ဖြစ်နေမှဖြင့် ဒုက္ခ'

'အေးပါ သားရယ် ခဏအိပ်လိုက်၊ အမေ ထွေးငယ်ကို ကြည့်ထားပါ့မယ်'

ဆိုမှ အိမ်ရှေ့ ကွပ်ပျစ်လေးမှာ ဝါးပိုးဝါးခြမ်း ခေါင်းအုံးကို မှီရင်း ထမင်းလုံး စီနေတုန်း ဘယ်လို အိပ်ပျော်သွားလဲ မသိ။

အိမ်နားမှာ ဆူဆူညံညံ အသံကြားမှ လန့်နိုးလာတယ်။ နိုးလာတော့ ရွာထဲက ဒေါ်ဘုမက သူ့သမီးလက်ကို ဆွဲပြီး အမေနဲ့ စကားများနေတာ။ ကမန်းကတန်း အိမ်ပေါ်က ပြေးဆင်းပြီး ...

'အမေ ဘာဖြစ်တာလဲ'

'ဘာဖြစ်ရမှာလဲ နင့်ညီမပေါ့၊ ငါ့သမီးကို ... ခဲနဲ့ ထုလိုက်တယ်လေ။ ဒီမှာ ကြည့် ... ခေါင်းကွဲသွားပြီ'

ဆိုပြီး ပြောတော့ ကျွန်တော်လည်း ...

'ကြီးတော်ရယ် ကျွန်တော်ကပဲ ညီမလေးကိုယ်စား တောင်းပန်ပါတယ်။

ညီမလေးက တမင်လုပ်တာ မဟုတ်လောက်ပါဘူး။ ကျွန်တော်မေးကြည့် ပါဦးမယ်။ ထွေးငယ် … ညီမလေး၊ ထွေးငယ် ဒီကိုလာစမ်း’

ဆိုတော့ အိမ်ပေါ်မှာ ကုပ်ကုပ်လေး နေနေတဲ့ ထွေးငယ် မျက်နှာငယ်လေးနဲ့ ဆင်းလာတယ်။

‘ညီမလေး ဘာလို့ သူများကို အဲဒီလို လုပ်ရတာလဲ။ အစ်ကို ဘာပြောထားလဲ။ သူများကို မလုပ်ရဘူးလို့ ပြောထားတယ် မဟုတ်လား။ ပြောစမ်း … ဘာလို့ အဲဒီလိုလုပ်တာလဲ’

‘ကိုကြီးကလည်း … ထွေးငယ် တမင်လုပ်တာ မဟုတ်ပါဘူး။ စစ်တိုက်တမ်း ကစားတာ။ အဲဒါ ခဲနဲ့ ပစ်မိသွားတာ။ ထွေးငယ် တမင်လုပ်တာ မဟုတ်ပါဘူး။ ထွေးငယ်ကို မရိုက်ပါနဲ့နော်။ နောက် မလုပ်တော့ပါဘူး။ အီး … ဟီး … ဟီး …’

ဆိုပြီး ငိုပါလေရော။

‘ဩော် … ထွေးငယ်ရယ်၊ အစ်ကို မရိုက်ပါဘူး။ ကြီးတော်လည်း ဘာမှ စိတ်ထဲမထားနဲ့နော်။ နောက်တစ်ခါ မဖြစ်အောင် ကျွန်တော် ဆုံးမပါမယ်။ အမေလည်း ဆုံးမပေးမယ် ပြောနေတာပဲ။ ဒီတစ်ခါ ခွင့်လွှတ်ပေးပါနော် ကြီးတော်’

‘ဘာ ဒီတစ်ခါလဲ။ ခုငါ့သမီး ဖြစ်တာကျတော့ ဘယ်သူတာဝန် ယူမလဲ။ ပြောလိုက်ရင် ဒီအချိုးချည်းပဲ။ အမေရော သားရော ဒီလေသံပဲ။ ဟွန်း … ငါတော့ လုံးဝမကျေနပ်ဘူး။ နင်တို့မိသားစု ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်။ ဘုမတဲ့ဟော့ … တစ်မတည်းရှိတယ်။ ငါ ဘာကောင်မ လဲဆိုတာ နင်တို့ သိစေရမယ်။ လာ သမီး သွားမယ်’

ဆိုပြီး ဆောင့်ဆောင့် ဆောင့်ဆောင့် ထွက်သွားတော့ အမေက ကျွန်တော့်

ကို မျက်ရည်စမ်းစမ်းနဲ့ ကြည့်ရှာတယ်။ အဲဒီနေ့ကစပြီး ကျွန်တော် တို့မိသားစုဘဝ စိတ်ဆင်းရဲ စရာတွေ ကြုံရတာပါပဲ။ အဲဒီလိုဖြစ်ပြီး နောက်တစ်ည ...။

'အူး ... အူး ... ဝူး ... ဝူး ... အူး ...'

'အမေ ခွေးတွေ အူလှချည်လား။ ခါတိုင်း မအူပါဘူး။ ဒီညမှ ဘာလို့ ဒီလောက် အူနေတာလဲ မသိဘူး။ သူခိုးများ ကပ်တာလား။ မဖြစ်နိုင်ပါဘူး။ သားတို့မှာ ဘာမှမ ရှိတာ သူခိုး လာမခိုးလောက်ပါဘူး'

စသဖြင့် သားအမိနှစ်ယောက် ပြောနေတုန်း ...။

'အား ... အား ... နာတယ်၊ နာတယ်။ အား ... အမေ့၊ ကိုကြီး ဗိုက်ထဲက နာတယ်'

ဆိုပြီး ထွေးငယ်လေး ထအော်ပါလေရော။

'ဟဲ့ သမီးထွေးငယ်'

'ညီမလေးထွေးငယ် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

'မသိဘူး ကိုကြီး။ နာတယ်၊ ဗိုက်ထဲမှာ နာတယ်'

'သမီးလေး ... ဒီဆေးလေး သောက်လိုက်။ နာသေးလား အရမ်းနာနေလား။ အစားများ မှားလို့လား'

စသဖြင့် တစ်ယောက်တစ်ပေါက် ပြောနေရင်း ...

'မေမေ၊ ကိုကြီး ဟိုမှာ ... ဟိုမှာ ...၊ အိမ်ရှေ့မှာ မိန်းမတစ်ယောက် ဆံပင်ကြီး ဖားလျားချပြီး ရပ်နေတယ်။ သမီးကို လက်ယပ်ခေါ်နေတယ်။ အီး ... ဟီး ... ဟီး ... ကြောက်တယ်၊ သမီးကြောက်တယ်'

'ဟင် ...'

'ဟာ ...'

သားအမိနှစ်ယောက် ပြိုင်တူရေရွတ် မိလိုက်တယ်။ အဲဒီအချိန် မေမေက ...

'သား လူလေး ... ဘုရားစင်က ပရိတ်ရေပုလင်း သွားယူလာ စမ်း ... မြန်မြန်။ ပေး ... ပေး ... မေမေ့ကိုပေး'

ဆိုပြီး ပရိတ်ရေနဲ့ ထွေးငယ်ရဲ့ ခေါင်းကို ဖျန်းပေးလိုက်မှ အငိုတိတ် သွားတယ်။

'သမီးလေး ... မြင်သေးလား။ ခုနက မိန်းမကို မြင်သေးလား'

'မေမေ ခုနက မိန်းမ မရှိတော့ဘူး .... ဗိုက်ထဲကလည်း မနာတော့ဘူး။ ကောင်းသွားပြီ'

'အေးအေး ... အဲဒါဆို ... အိပ်လိုက်နော်။ ကောင်းသွားပြီ။ မေမေ့ သမီးလေး ဘာမှ မဖြစ်တော့ဘူး'

'မေမေ ...'

'ဘာလဲ သား'

'ခုနက ညီမလေးမြင်တာ အဲဒါဘာလဲ။ ဘာလို့ ကျွန်တော်တို့ မတွေ့တာလဲ'

'ဘာမှမဟုတ်ဘူး ထားလိုက်တော့။ သားလည်း အိပ်တော့။ မနက် အကြော်ကြော်ရဦးမယ်။ အိပ်တော့'

ဆိုပြီး မေမေက တစ်စုံတစ်ခုကို တွေးနေသလိုလိုပဲ။ နောက်ရက်တွေလည်း ထွေးငယ်လေးက ညဘက်ရောက်တာနဲ့ ဗိုက်နာပြီ။ ကယောင်ကတမ်းတွေ အော်ပြီ။ ကျွန်တော်တို့လည်း ဆရာသမားတွေနဲ့ ပြကြည့်တာပဲ။ ဒါပေမဲ့ ရောဂါက မသက်သာဘူး။ ရွာထဲက အဘိုးခင် ပြောတာကတော့ ညီမလေးဖြစ်တာ သွေးရိုးသားရိုး မဟုတ်ဘူးတဲ့။ ပြုစား ခံရ

တာတဲ့။ ရွာမှာ ပယောဂကုတဲ့ ဆရာတွေကလည်း မကုနိုင်တော့ဘူး။ ရောဂါကလည်း တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာတယ်။ ဗိုက်ကြီးက ပူလို့။ ထမင်းလည်း မဝင်တော့ဘူး။ အမေဆို ငိုလိုက်တာဗျာ ...။ ကျွန်တော်ဆိုလည်း ထွေးငယ်လေး ခံစားနေရတာကို ကြည့်ပြီး အံတကြိတ်ကြိတ်ပေါ့။

ဘယ်သူ ဘယ်ဝါဆိုတာ အတိအကျ မသိတော့ ဘာမှပြောလို့မရဘူး။ ထွေးငယ်လေးကတော့ နောက်ဆုံး အဲဒီရောဂါနဲ့ပဲ ဆုံးသွားခဲ့တယ်။ ထွေးငယ်လေး အသုဘချတဲ့နေ့မှာ သုသာန်ပေါ်မှာ လင်းတတွေ ဝဲနေတာ အများကြီးပဲ။ အမေနဲ့ ကျွန်တော်ကတော့ ထွေးငယ်လေး အလောင်းကို ဖက်ပြီး ငိုရလွန်းလို့ အသံတောင် မထွက်နိုင်တော့ဘူး။ အဘိုးခင်က ကျွန်တော့် ပခုံးကို လာဖက်ပြီး ...

'သား ... လူလေး၊ မင်းညီမသေတာ သူများ ပြုစားလို့ကွ။ အဘိုးတော့ ဒေါ်ဘုမကို သိပ်မသင်္ကာဘူး။ သူ့သမီးနဲ့ ထွေးငယ် ရန်ဖြစ်ပြီးနောက်ပိုင်း ထွေးငယ် ဒီလိုဖြစ်တာ။ အဲဒါ မသင်္ကာစရာပဲ'

အဘိုးခင်က အဲဒီလိုပြောတော့ ကျွန်တော် ထွေးငယ်အလောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ...

'ညီမလေး ထွေးငယ် အစ်ကို့ ညီမလေးကို ရက်ရက်စက်စက် လုပ်ခဲ့တဲ့ သူတွေကို လက်စားပြန်ချေမယ်။ အစ်ကို ကတိပေးတယ်။ ဒီရွာမှာ ညီမလေးလို ဘယ်သူမှ မဖြစ်စေရတော့ဘူး။ အစ်ကို ကတိပေးတယ်'

အဲဒီလိုနဲ့ ထွေးငယ် ရက်လည်တဲ့ နေ့မှာပဲ ရွာကနေ အောင်မြတ်သာ ပျောက်သွားခဲ့တယ်။ ဘယ်သွားမယ်၊ ဘာလုပ်မယ် ဆိုတာလည်း ဘယ်သူမှ မသိဘူး။ မရင်လှကတော့ အရူးမီးဝိုင်းပေါ့။ သမီးလည်းဆုံး၊ သားကလည်း ဘယ်ရောက်လို့ ရောက်မှန်း မသိဘူး။ အဲဒီလိုနဲ့ ရော်ရွက်တွေကြွေ၊ ရွက်သစ်တွေဝေပြီး နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးခဲ့တယ်။

သုံးနှစ်လောက် ကြာပြီးနောက် အသက် ဆယ့်ခုနစ်နှစ်အရွယ် လူငယ် တစ်ယောက် သာယာကုန်းရွာကို ရောက်လာတယ်။ အင်္ကျီအဖြူ လည် ကတုံးနဲ့ ယောလုံချည်လေးကို သေသေသပ်သပ် ဝတ်ဆင်ထားတယ်။ ရွာထဲ ဝင်လိုက်တာနဲ့ ရွာထိပ်က အကြော်တဲ အပျက်လေးကို ရင်နင့်ဖွယ်ရာ မြင် တွေ့လိုက်ရတယ်။ ရွာက လူတွေကလည်း လူငယ်လေးကို တအံ့တဩ ကြ ည့်နေကြတယ်။ ဘယ်သူလဲပေါ့။ အဲဒီအချိန် ...

'ဟေ့ ... မင်း ... မင်း အောင်မြတ်သာ၊ အောင်မြတ်သာ မဟုတ်လား'

အဘိုးခင်ရဲ့စကားအဆုံးမှာ အားလုံး သတိထားမိလာတယ်။

'အေး ... ဟုတ်တယ်။ အောင်မြတ်သာကွ'

'သူငယ်ချင်း ... အောင်မြတ်သာ မင်း ... မင်း ရွာပြန်လာတယ် နော် ...'

ဆိုပြီး ငယ်သူငယ်ချင်းတွေက နှုတ်ဆက်ကြ၊ ဝမ်းသာအားရ ကြိုဆို ကြ တာမြင်တော့ အဘိုးခင် တစ်ယောက် ပြုံးမိလိုက်တယ်။

'အဘိုးခင် ... ကျွန်တော် ရွာပြန်လာပြီ။ အခုကျွန်တော်က အရင်က အောင်မြတ်သာ မဟုတ်တော့ဘူး။ လွန်ခဲ့တဲ့ သုံးနှစ်က ကျုပ်ညီမလေးကို ပြုစားခဲ့တဲ့ သူတွေကို လက်စားချေဖို့အတွက် ကျုပ်ပြန်လာတာ။ အမေ ကော ... အမေရှိသေးလား'

'မင်းအမေလား ရှိပါ့ကွာ။ သူက အခု တရားဘောင်ကို ဝင်သွားပြီ။ ခုဆို ဆရာလေး လင်္ကာစာရ ဖြစ်နေပြီကွ'

အောင်မြတ်သာက အရွယ်နဲ့ မလိုက်အောင် တည်ကြည်လေးနက်တဲ့ အပြုံးလေး ပြုံးလိုက်တယ်။

'အဘိုးခင်တို့ ရွာမှာ မကောင်းတဲ့ အောက်လမ်းနဲ့ လူတွေကို ဒုက္ခပေးနေ တဲ့သူ ရှိတယ်။ အဲဒါကို ကျွန်တော် ကူညီပေးမလို့ လာတာ။ အခုအမေ့ကို ဒီ

ကနေပဲ ကန်တော့လိုက်တော့မယ်။ အရင်ဆုံး ရွာလယ်က လူမမာအိမ် သွားမယ်’

‘ဟင် …’

‘အို …’

‘ဟာ …’

အားလုံး အံ့သြသွားတယ်။

(အပိုင်း(၂) ဆက်လက်ရှုစားပါရန်။ အောင်မြတ်သာ ဘာတွေဖြစ်ခဲ့လဲ၊ ဘယ်ပညာတွေ သင်ယူခဲ့လဲ ဆက်လက်ရှု စားပါဦး။)

***

# ဘုံဘဝမှာဖြင့်
# အပိုင်း(၂)

'ဟာ ... အို .... ဟင် ....'

ရွာသားတွေရဲ့ နှုတ်ဖျားက အာမေဍိတ်သံတွေ ကိုယ်စီ ထွက်လာခဲ့တယ်။ အဘိုးခင်က ...

'အောင်မြတ်သာ ... လူလေး ... မင်း ဘယ်လိုသိတာလဲ။ ရွာမှာ လူမမာရှိတာ ဘယ်လို သိတာလဲ'

အောင်မြတ်သာက ဘာမှမပြောဘဲ ပါးစောင်လေး တွန့်ရုံသာ တစ်ချက်ပြုံးလိုက်တယ်။ ပြီးတော့ ...

'မဟုတ်ပါဘူး အဘိုးခင်။ ရွာထဲမဝင်ခင် ထင်းခုတ်သမားတွေ ပြောတာနားစွန်နားဖျား ကြားမိလို့ပါ'

'အေးကွယ် ... ရွာလယ်က ကိုဖိုးလှလေ၊ သိတယ်မဟုတ်လား အောင်မြတ်သာ။ အဲဒါ နှာခေါင်းရိုး အပေါ်မှာ အနာဖြစ်နေတာ ဆေးတွေလည်း စုံနေပြီ။ ရွာက ကျန်းမာရေးမှူးနဲ့ ကုတော့လည်း မရဘူး။ အနာက ပြည်တစွတ်စွတ် ထွက်နေတာ။ သူလည်း အဲဒီစိတ်ကြောင့် အိပ်ရာထဲ လဲနေတယ်။ အနာကတော့ ရောင်ပြီး သွေးပြည်တွေ ထွက်နေတာပဲ။ ဟူး ... ရင်မောလှပါဘိကွယ်'

'အဘိုးခင် ... ဦးဖိုးလှ အဲဒီလိုဖြစ်တာ ဘယ်အချိန် ကတည်းကလဲ'

'အိမ်း ... ဘယ်အချိန် ကတည်းကလဲဆိုတော့ ... လွန်ခဲ့တဲ့ ငါးလလောက်

က စဖြစ်တာ။ ဖိုးလှအိမ်မှာက ယုန်လိုက်ဖို့ ခွေးတွေ မွေးထားတယ်လေ။ တစ်နေ့ ... အဲဒီထဲက ဂုတ်ကျား ဆိုတဲ့ကောင်က ဒေါ်ဘုမ မွေးထားတဲ့ ကြက်ကို ကိုက်လိုက်တယ်။ အဲဒီမှာ ဒေါ်ဘုမနဲ့ ဖိုးလှ စကားများကြ တယ်လေ။ နောက်နေ့ကျတော့ ... ဂုတ်ကျားလည်း ပါးစပ်ထဲက အမြှုပ်ထွက်ပြီး ... သေနေတာ။ အဲဒီနေ့ကတည်းက ဖိုးလှ နှာခေါင်းအပေါ်ဘက်မှာ သွေးစုနာလို အနာတစ်လုံး ပေါက်လာတာကွဲ့။ အဲဒီ သွေးစုနာက တဖြည်းဖြည်း ကြီးလာပြီး ... ခုဆို ကွမ်းသီးလုံးလောက်ထိ ဖြစ်နေပြီ။ လာ ... လာ ... ဖိုးလှအိမ်ရောက်မှ လူလေး ကြည့်လိုက်’

ဆိုပြီး ပြောပြောဆိုဆိုနဲ့ ရွာထဲ လျှောက်လာတော့ ဦးဖိုးလှအိမ် မျက်စောင်းထိုးလည်း ရောက်ကော ...

‘ဟယ် ... အောင်မြတ်သာ မဟုတ်လား။ ကြည့်စမ်းပါဦး ထွားလာလိုက်တာ။ အရီးလေးကို မမှတ်မိဘူးလား။ အရီးလေး ဘုမလေ’

ဆိုပြီး ဒေါ်ဘုမက အရင် လာနှုတ်ဆက်တယ်။ အောင်မြတ်သာလည်း ...

‘ဟုတ်ကဲ့ မှတ်မိတာပေါ့ အရီးလေးရယ်။ ကျုပ် ဘယ်မေ့မှာလဲ’

ဆိုပြီး အဓိပ္ပာယ်ပါပါ ပြောလိုက်တော့ ဒေါ်ဘုမ မျက်နှာကွက်ခနဲ ပျက်သွားတာကို အဘိုးခင်က ဖျတ်ခနဲ တွေ့လိုက်တယ်။

‘အောင်မြတ်သာ ... သားလေး ... ခုမှ ရောက်တာဆို၊ ခုက ဘယ်သွားမလို့လဲ။ ခဏနေ အရီးလေး ဟင်းလာပို့ပေးမယ်။ တိုက်တိုက်ဆိုင်ဆိုင် ကွယ် ... ဒီနေ့အိမ်မှာ ကြက်သား ကာလသားဟင်း ချက်စားတယ်ကွဲ့’

‘ဟုတ်ကဲ့ပါ အရီးလေး၊ ကျွန်တော် အခု ဦးဖိုးလှကို ခဏသွား ကြည့်မလို့။ သူ နေမကောင်းဘူး ဆိုလို့လေ’

‘ဩော် ... ဟုတ်လား၊ အဲဒီလိုတွေ သွားကြည့်မယ်ဆိုတော့ မင်းက

ဆေးကုတတ်လို့လား။ ပေါက်ကရတွေ လျှောက်မလုပ် နေနဲ့နော်။ ဟက် ဟက်ဟက် ...'

ဆိုပြီး ခနဲ့သလိုလို ရိသလိုလိုနဲ့ ပြောပြီး အိမ်ထဲဝင်သွားတယ်။

အောင်မြတ်သာကတော့ လှောင်ပြုံးလေး တစ်ချက်ပြုံးလိုက်ပြီး ဦးဖိုးလှ နေတဲ့ အိမ်ပေါ်ကို လှမ်းတက်မယ် လုပ်တော့ နောက်ကနေ တစ်စုံတစ်ယောက် လှမ်းဆွဲထားသလို တွန့်ခနဲ ဖြစ်သွားတယ်။ အဲဒါနဲ့ နောက်ပြန်ဆုတ်ပြီး ...

'အဘိုးခင် ... ကျွန်တော် အိမ်ပေါ်မတက်တော့ဘူး။ ဦးဖိုးလှကို ဒီကွပ်ပျစ် ကိုပဲ တွဲခေါ်လာပေးပါ။ အဲဒီရောဂါကို ကျုပ်ခုပဲ ပျောက်အောင် ကုပေးမယ်'

'ဟင် ... ဖြစ်ပ့ါမလား အောင်မြတ်သာရယ်။ တကယ့်ဆေးဆရာ တွေ တောင်မှ ကုမရတာ။ မင်းက ဘယ်လိုကုမှာလဲ။ နောက်ပြီး မင်းကငယ်သေး တယ်'

အောင်မြတ်သာ တစ်ချက်ပြုံးလိုက်ပြီး ...

'ကဲ အဘိုးခင် ... ရွာထဲမှာ လိုက်ပြောပေးပါဦး။ ကျုပ်ဦးဖိုးလှ ရောဂါကို ကုမယ်လို့ မပျောက်ရင် ဟော ... ဟိုမှာ ချိတ်ထားတဲ့ တံစဉ်နဲ့ ကျုပ် လည်ပင်းကို လှီးသွားလိုက်'

'ကဲ ... ကဲ အဲဒီလိုဆို ... အေးပါကွယ် ... အေးပါ။ ကုကြည့်ပေ့ါ။ ပျောက် တော့လည်း သူ့ကံပေ့ါကွာ ...။ ကဲ ... သာဒိုး ... ဦးဖိုးလှကို တွဲခေါ် ခဲ့ကွာ'

ဆိုပြီး ပြောတော့ 'ဟုတ် ... ဟုတ်ကဲ့ အဘိုးခင်'ဆိုပြီး သာဒိုးတစ်ယောက် အိမ်ပေါ်ကို ပြေးတက်သွားတယ်။ အဲဒီအချိန် ....

'အောင်မြတ်သာရေ ... အောင်မြတ်သာ'

'ဗြော် ... အရီးလေးပါလား'

‘အေးကွယ် … မင်းအတွက် ဟင်းလာပို့တာ။ ဒီမှာ ကြက်သား ကာလသား ချက်လေး ရောက်တုန်းရောက်ခိုက် စားဖြစ်အောင် … စားနော်။ အိမ်ကြက်လေး ချိုတယ်’

‘ဟုတ်ကဲ့ အရီးလေး၊ ကျေးဇူးပါ။ ပေးပေး … ကျွန်တော့်ကိုပေး’

ဆိုပြီး ဟင်းခွက်ကို ယူလိုက်ပြီး ဘေးမှာ အသာချထားလိုက်တယ်။ အဲဒီနောက် …

‘ဒါဆိုလည်း အရီးလေး ပြန်လိုက်ဦးမယ်။ နောက်အိမ်လည်း လာလည်ဦးနော်’

ဆိုပြီး လှည့်ထွက်သွားတဲ့ အရီးလေးဘုမကို ကြည့်ပြီး စိတ်ထဲကနေ ရေရွတ်မိလိုက်တယ်။ အောင်မြတ်သာအကြောင်း မကြာခင် သိရတော့မှာပါဆိုပြီးတော့ …။

ခဏနေတော့ ဦးဖိုးလှ ကွပ်ပျစ်ပေါ် တက်လာတယ်။ မြင်ရတဲ့ မြင်ကွင်းက အားရစရာ မရှိဘူး။ ရောင်ကိုင်းနေတဲ့ အနာက မျက်လုံးနှစ်လုံးကို ဖုံးတော့မယ်။ အနာဖုကနေ ပြည်တွေ၊ သွေးတွေက တစိမ့်စိမ့်ယိုကျ နေတယ်။ အဲဒါနဲ့ …

‘အဘိုးခင် … ခုနက ဒေါ်ဘုမ လာပေးတဲ့ ကြက်သားဟင်းကို ဘယ်သူမှ မစားစေနဲ့နော်။ ကြောင်အိမ်ထဲထည့်ပြီး သော့ခတ်ထားပေးပါ။ အဘိုးခင် ကိုယ်တိုင်လုပ်ပါ’

ဆိုပြီး ပြောတော့ …

‘ဟေ … ဘာဖြစ်လို့လဲ အောင်မြတ်သာရ’

‘အဲဒါက နောက်တော့ သိရမှာပါ။ ခုတော့ အဲဒီလို လုပ်ထားပေးပါ’

ဆိုပြီးပြောရင်း ဦးဖိုးလှရှေ့မှာ ဝင်ထိုင်လိုက်တယ်။ ရွာသားတွေကလည်း

အသက် ဆယ့်ခုနစ်နှစ်လောက်ပဲရှိတဲ့ ကလေးသာသာလေးက ရောဂါကု မယ်ဆိုတော့ တစ်ရွာလုံးနီးပါး လာထွက်ကြည့်တာ ဦးဖိုးလှရဲ့ အိမ်ဝိုင်းထဲမှာ လူတွေ ပြည့်သွားတယ်။

အဲဒါနဲ့ အောင်မြတ်သာလည်း ... ဘုရားရှိခိုး အထက်ဆရာကြီး ဦးသြဘာသ၊ ဦးဝေပုလ္လ၊ ရက္ကန်းစင်တောင် ဆရာတော် ဘုရားကြီးစတဲ့ အထက်ဆရာတွေထံ ခွင့်ပန်ပြီး ရောဂါကုဖို့ ခွင့်တောင်းလိုက်တယ်။ ပြီးတော့ မေတ္တာပို့ အမျှအတန်းဝေပြီး ဦးဖိုးလှရှေ့မှာ ထိုင်လိုက်တယ်။

'ဦးဖိုးလှ ဖြစ်နေတာ သာမန်အနာ မဟုတ်ဘူး။ အဲဒါ သူများ ပြုစားထားတာ။ အခု ကျုပ်ကုတော့မယ်' ဆိုပြီး ....

'ကဲ ... ငါ့အမိန့်၊ ဆရာတော်ကြီးတွေရဲ့ ခွင့်ပြုချက်အမိန့်၊ ဘိုးတော်သိကြားမင်းရဲ့ အမိန့်တော်။ သူတစ်ပါး ရောဂါဝေဒနာ ခံစားရအောင်လုပ်သူ ခုချက်ချင်း ငါ့ရှေ့အရောက်လာစမ်း'

ဆိုပြီး ကွပ်ပျစ်ကို လက်နဲ့ရိုက်လိုက်တာ မကြာပါဘူး။ ဦးဖိုးလှတစ်ယောက် တဝါးဝါး တဟားဟား ထရယ်ပါလေရော ...။ အောင်မြတ်သာ သိလိုက်ပြီ ... ပြုစားတဲ့သူ အမိန့်ကို မလွန်ဆန်နိုင်လို့ ကျုပ်ရှေ့ကို ရောက်လာပြီ။

'ဟားဟားဟား ... အမယ်အမယ် ... ကျုပ်ရှေ့ ရောက်နေတာ ဓာတ်ရှင်မင်းသားလေးလား။ ငယ်ငယ်ချောချော လေးပါလား ... ဟက် ဟက်ဟက်'

ဆိုပြီး ရိသဲ့သဲ့ စပြောပါလေရော။ အဲဒီမှာ ထူးဆန်းတာက ယောကျ်ားရင့်မာကြီး ပြောနေတာက မိန်းမအသံ ဖြစ်နေတယ်။ တစ်ရွာလုံးလည်း အံ့သြလွန်းလို့ အပ်ကျသံတောင် မကြားလောက်အောင် တိတ်ဆိတ်နေတယ်။ ခွေးတွေကအစ အမြီးလေးကုပ်ပြီး ငြိမ်နေကြတယ်။

အောင်မြတ်သာ တစ်ချက်ပြုံးလိုက်ပြီး ...

'ဓာတ်ရှင် မင်းသားလည်း မဟုတ်ပါဘူး။ သူတစ်ပါး ပြုစားလို့ ဝေဒနာ ခံစားနေရတဲ့ သူတွေကို ကုသပေးဖို့အတွက် ရောက်လာတာပါ။ ကျုပ် စကားသိပ်များများ မပြောဘူး။ ကဲ ... အခုရောက်လာတာ ဘယ်သူလဲ'

ဆိုပြီး မေးတော့ ...

'ကျုပ်လား နတ်သမီးလေ ... ဟီးဟီးဟီး ...'

'ဟုတ်လား၊ နတ်သမီးလား။ ကျုပ် အကောင်းမေးနေတာ အကောင်းမဖြေဘူး။ ကဲ ... နောက်ဆုံးတစ်ခေါက် မေးမယ်။ ခင်ဗျား ဘယ်သူလဲ'

'ကျုပ်လား ... နတ်သမီးပါလို့ဆိုနေ ဟားဟားဟား'

အောင်မြတ်သာ သိလိုက်ပြီ။ မဲ့ပြုံးလေး တစ်ချက်ပြုံးပြီး ...

'ကျုပ် အဆိုးမဆိုနဲ့တော့နော်။ လောကပါလကို စောင့်ကြပ်နေတဲ့ နတ်မင်းကြီး လေးပါးကို တိုင်တည်ပါတယ်။ ယခု ဝင်ရောက်လာသူရဲ့ လက်ကို နောက်ပြန်ကြိုး တုပ်ပေးထားပါ'

နောက်ပြန်ကြိုး တုပ်ပေးထားပါဆိုတော့ ဦးဖိုးလှတစ်ဖြစ်လဲ ဝင်ပူးနေတဲ့သူရဲ့လက်က နောက်ဘက်ကို အလိုလို ရောက်သွားတာ ထူးဆန်းစွာ မြင်လိုက်ရတယ်။ ပြီးတော့ အောင်မြတ်သာလည်း မျက်စိမှိတ် တင်ပျဉ်ခွေထိုင်ပြီး ပေါင်ပေါ် လက်ဖဝါး တင်ထားတာ။ အဲဒီအချိန် 'ဘုတ်' ဆိုပြီး ကွပ်ပျစ်ဘေးက သစ်ပင်ပေါ်ကနေ ကြိမ်တုတ်တစ်ချောင်း သူ့အလိုလို အောင်မြတ်သာရဲ့ လက်ပေါ် ကျလာတယ်။

'အို ... ဟာ ...'

တအံ့တဩ အော်တဲ့အသံတွေ၊ အာမေဋိတ်အသံတွေ တိုးတိုးတိုးတိုး ထွက်လာတယ်။ အောင်မြတ်သာလည်း ...

'ဒီမှာတွေ့လား ... အထက်ဆရာတွေက မင်းကို ဆုံးမဖို့ ဆေးကြိမ်လုံး ပို့လိုက်ပြီ။ ကဲ ... အရင်ဆုံး မြည်းကြည့်'

ဆိုပြီး လေထဲကို တရွှမ်းရွှမ်းနဲ့ ရိုက်လေ ... ဦးဖိုးလှတစ်ယောက် ငယ်သံပါအောင် အော်လေပဲ။ ဒါပေမဲ့ ထပြေးလို့ မရဘူး။ လက်ကလည်း နောက်ပြန်ကြိုး ချည်ထားသလိုနဲ့ ကွပ်ပျစ်ပေါ်မှာ လိမ့်နေအောင် အော်နေတာ။

'ကဲ ... ဖြေစမ်း၊ မင်း ဘာလို့ ခုလိုလုပ်တာလဲ'

ဆိုပြီး မေးတော့ မဖြေချင်သေးဘူး အင်တင်တင် လုပ်နေတယ်။ နောက်တော့ ကြိမ်လုံးနဲ့ ရွယ်တော့မှ ...

'အမယ်လေး အီးဟီးဟီး ... မရိုက်ပါနဲ့တော့။ ပြောပါတော့မယ်။ ငါမွေးရင် ငါ့သားလောက်ပဲရှိတဲ့ ကောင်လေးကို ငါမနိုင်ဘူး။ အမယ်လေး ကြားလို့မှ ကောင်းသေးရဲ့လား။ မင်းက ဘာလို့ ဒီလောက် စွမ်းနေတာလဲ။ ငါပြောမယ် ... ငါပြောပြမယ်။ ထပ်မရိုက်ပါနဲ့တော့'

ဆိုပြီး အသံနက်ကြီးနဲ့ ထပြောပါလေရော။

အဲဒီတော့ အောင်မြတ်သာက ...

'ပြော ဘာလို့ ခုလိုလုပ်တာလဲ'

'ငါ့ကို မချေမငံပြောလို့၊ ငါ မကျေနပ်လို့လုပ်တာ'

'အိမ်း ... ခင်ဗျား ဘယ်သူဆိုတာ ကျုပ်သိတယ်။ ဒါပေမဲ့ ကျုပ်လူကြားထဲ မမေးတော့ဘူး။ နောက်တစ်ခု မေးစရာရှိတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျုပ်ညီမလေးကို လုပ်တာလည်း ခင်ဗျားပဲ မဟုတ်လား ... ဖြေစမ်း ...'

'အီး ... ဟီး ... ဟီး ... ဟုတ်ပါတယ်။ ငါ့ကို ခွင့်လွှတ်ပါ။ ထပ်မရိုက်ပါနဲ့တော့။ ကြိုးလည်း ဖြေပေးပါတော့။ အရမ်းနာလှပြီ'

အောင်မြတ်သာ သွေးတွေ ဆူပွက်လာခဲ့တယ်။ ညီမလေးဖြစ်သူ ထွေးငယ်ရဲ့ ဝေဒနာ ခံစားနေရတဲ့ မျက်နှာက မျက်လုံးထဲ ဝင်လာတယ်။ ရိုက်မလို့ လက်ကို ရွယ်လိုက်တဲ့အခါ … ဆရာသခင် မှာထားတဲ့ စကားက နားထဲ ရောက်လာတယ်။

'လူလေး အောင်မြတ်သာ … တစ်ဖက်သားက အမှားကိုသိလို့ အမှန်ပြင်မယ်ဆိုရင် ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံရဘူး။ သနားငဲ့ညှာစွာ ဆက်ဆံပါလူလေး' ဆိုတဲ့ သတိပေး စကားသံ ကြားယောင်လာတယ်။ အဲဒီတော့မှ လက်ထဲက ကြိမ်တုတ်ကို ချပြီး … ပညာတွေကို ဘုရားမှာလှူဖို့ မေတ္တာရပ်ခံတယ်။ အခု ပညာသည်ကလည်း သိပ်အဆင့် မမြင့်သေးတော့ သူရဲ့ပညာတွေကို ဘုရားမှာ အကုန်လှူခဲ့တယ်။ ကျုပ်လည်း သစ္စာရေတိုက်ပြီး လုပ်ထားတဲ့ ရောဂါကို ပြန်ယူခိုင်းလိုက်တယ်။

ခဏနေတော့ ဦးဖိုးလှ သတိပြန်ရလာတယ်။ ဦးဖိုးလှမျက်နှာက အနာဖုက ပြည်တွေ တအားထွက်လာပြီး အထဲကနေ တစ်စုံတစ်ခု ထွက်လာတယ်။ အဲဒီမှာ အဘိုးခင်က …

'အောင်မြတ်သာ ဒီမှာကြည့်စမ်း။ ဖိုးလှနှာ ခေါင်းအနာကနေ ဘာထွက်လာလဲ ကြည့်စမ်း'

ဆိုပြီး လာပြတော့ ဟာ … သွေးတွေ၊ ပြည်တွေ ပေနေတဲ့ ကြက်တောင်ပံရိုးကြီး။ လက်တစ်ဆစ်လောက် ရှိတယ်။ အားလုံးလည်း ကြောက်လန့်အံ့သြပြီး မှင်တက်နေကြတယ်။ အဲဒါနဲ့ အောင်မြတ်သာလည်း … အဘိုးခင်ကို အသာလေးခေါ်ပြီး …

'အဘိုးခင် … ကြောင်အိမ်ထဲက ဟင်းပန်းကန် သွားကြည့်လိုက် ဘာထူးခြားလဲ ကျွန်တော့်ကို ပြန်ပြောနော်။ ဘယ်သူ့ကိုမှ မပြောနဲ့'

ဆိုပြီးပြောတော့ အဘိုးခင်လည်း ခပ်သုတ်သုတ် ထွက်သွားတယ်။

ခဏနေတော့ အဘိုးခင်က ...

'လူလေး ... ထူးဆန်းတယ်ကော ... ကြက်သားဟင်း ပန်းကန်ထဲမှာ ဝါးခြမ်းပြားတွေ ရောက်နေတယ်။ အဲဒါ အဘိုး သွန်ပစ်လိုက်ပြီ'

ဆိုတော့ အောင်မြတ်သာက ...

'ခုလောက်ဆို အဘိုးခင် သိလောက်ပြီပေါ့။ ဒါပေမဲ့ ဘယ်သူ့ကိုမှ မပြောပါနဲ့၊ သူလည်း အမှားကို သိလို့ ပြင်ပြီးပြီပဲ ... ထားလိုက်ပါတော့ အဘိုး'

'အင်းပါ ... လူလေးရယ်၊ မင်းက ဘာလို့ ဒီလောက် စွမ်းနေရတာလဲ။ မင်း ရွာက ထွက်သွားပြီး ဘယ်တွေ ရောက်ခဲ့တာလဲ။ အဘိုးကို ပြောပြစမ်းပါဦး'

ဆိုပြီးမေးတော့ 'ဒီလိုပါ အဘိုး' ဆိုပြီး ကျုပ်လည်း ဖြစ်ကြောင်းကုန် စင်ကို ပြောပြလိုက်တော့တယ် ...။

(အပိုင်း(၃) ဆက်လက်ရှုစားပါရန် ...။)

***

# ဘုံဘဝမှာဖြင့်
## အပိုင်း(၃)

အဘိုးခင်က အောင်မြတ်သာရဲ့ ဘဝဇာတ်ကြောင်းကို မေးတော့ အောင်မြတ်သာက ...

'အဘိုးခင် မှတ်မိသေးလား။ ထွေးငယ်လေး အသုဘချတဲ့နေ့က အဘိုးခင် ကျွန်တော့်ကို ပြောခဲ့တာလေ'

'ဟေ ... ဘာများ ပြောခဲ့လို့လဲ။ နှစ်တွေကကြာတော့ မမှတ်မိတော့ဘူး။ ဆိုစမ်းပါဦး။ အဘိုးခင် ဘာများ ပြောခဲ့တာလဲ'

'အဘိုးခင်က ထွေးငယ်ဆုံးတာ သာမန်ရောဂါ မဟုတ်ဘူးလို့ ပြောခဲ့တယ်လေ။ သူများ ပြုစားတာလို့ ပြောခဲ့တာ။ အဲဒီလိုပြောတော့ ... ကျွန်တော်လည်း အဲဒီလို ပြုစားခံရတဲ့ သူတွေကို ကျွန်တော့် ညီမလေးလို မခံစားစေရဘူး ဆိုတဲ့စိတ် ဖြစ်လာတယ်။ အဲဒီစိတ်ကြောင့် ညီမလေး ရက်လည်တဲ့ နေ့မှာပဲ ကျွန်တော် အိမ်ကထွက်ခဲ့တာ။ အမေ စိတ်ပူမယ်ဆိုတာလည်း သိပါတယ်။

'ဒါပေမဲ့ ကျွန်တော် ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ အရဲစွန့်ပြီး ထွက်သာထွက်လာတာ ဘယ်ကိုသွားလို့ ဘယ်သူ့ဆီက ဘာပညာသင်ရမှန်း မသိခဲ့ဘူး။ လက်ထဲမှာလည်း ကျွန်တော် စုထားတဲ့ ပိုက်ဆံ နည်းနည်းပဲရှိတော့ ဘယ်မှလည်း မသွားတတ်၊ မလာတတ်နဲ့ တွေ့ရာ ကားတားစီးပြီး ထွက်လာတာ မြို့တစ်မြို့ကို ရောက်တော့ ကားက ဆက်မထွက်တော့ဘူး။

'အဲဒါနဲ့ ကျွန်တော်လည်း ခြေဦးတည့်ရာ လျှောက်သွားနေရင်း ... ပင်ပန်းပြီး အိပ်ချင်တာနဲ့ မြို့အဝင် ဘုရားရဲ့ ဇရပ်လေးမှာ အိပ်ပျော်သွားတယ်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားလဲ မသိဘူး။ နိုးလာတော့ ... ကျွန်တော့်ဘေးမှာ အဘိုးကြီးတစ်ယောက် လာအိပ်နေတာ။ ရင်ဘတ်မှာလည်း အင်းကွက်ကြီးတွေ အဖွေးသားနဲ့ ကွမ်းစားထားတဲ့ ပါးစပ်က နီရဲနေတာ။ ဝတ်ထားတဲ့ အဝတ်အစားတွေက စုတ်ပြဲပြီး လက်နှီးစုတ် သာသာပဲ အရောင်အဆင်း ရှိတာ။ ကျွန်တော်ကလည်း လူဆိုးလား၊ လူကောင်းလား ... မခွဲခြား တတ်တော့ဘူး။ သူ့ကိုမြင်တော့ ... ကိုယ့်နဲ့ ဘဝတူ တစ်ယောက်လို အားကိုးလိုတဲ့ စိတ်တွေ ဖြစ်လာတယ်'

အဘိုးခင်ကတော့ အောင်မြတ်သာ ပြောသမျှကို ခေါင်းလေး တဆတ်ဆတ်နဲ့ နားထောင်နေတယ်။ အဲဒီအချိန် ...

'အဘိုးခင် ... အဘိုးခင် ... ဗျို့ အဘိုးခင် ...'

'ဟေ ... သာဒိုး ဘာဖြစ်တာလဲ။ အမောတကော အလန့်တကြားနဲ့'

'ဟို ... ဟို ... ဒေါ် ... ဒေါ် ... ဒေါ် ...'

'ဟာ ... ဒီကောင်ကွာ၊ ဖြည်းဖြည်း ပြောစမ်းပါ။ ဘယ်သူ ဘာဖြစ်လို့လဲ'

'ဟို ... ဒေါ်ဘုမ ... ဒေါ်ဘုမ ... ကိုယ်မှာ အရှိုးရာတွေ အများကြီးပဲ။ အဲဒါသူ ဆေးလိမ်းနေတုန်း ကျွန်တော်တွေ့လာတာ'

'ဟေ ... ဟုတ်လား နေစမ်းပါဦး၊ မင်းက ဘယ်လိုတွေ့တာလဲ'

'ဟိုလေ ... ဟို ... ဟီးဟီး၊ သူ့သမီးကို သွားခိုးကြည့်တာ အဲဒါနဲ့ တွေ့လာတာ'

'ဖြစ်ရမယ် ... ဒီကောင်တော့၊ ထားလိုက် သူ့ဘာသာ တစ်ခုခုဖြစ်လို့ ဆေးလူးတာ နေမှာပေါ့။ မဟုတ်တာတွေ ရွာထဲ လျှောက်မပြောနေနဲ့ဦး။ သွား ...

သွားတော့’

လို့ ပြောပြီး အဘိုးခင်က အောင်မြတ်သာကို ခေါင်းလေးဆတ်ပြ လိုက်တယ်။

အောင်မြတ်သာက ပြုံးရုံလေး ပြုံးလိုက်ပြီး ...

‘အဘိုးခင် ... စကားက ပြတ်သွားတာ ပြန်ဆက်ရအောင်’

‘အေး ... ဆက်ပြောကွာ၊ ငါလည်း စိတ်ဝင်စားတုန်း။ ဟိုကောင် လာရှုပ်လို့’

‘အင်း ... ကျွန်တော်လည်း  သူနိုးလာတာကို ထိုင်စောင့်နေလိုက်တယ်။ ခဏနေတော့ သူ နိုးလာတယ်။ ပြီးတော့ ကျွန်တော့်ကို စကားမပြောဘဲ လွယ်အိတ်ထဲက ငှက်ပျောသီးတစ်လုံး ထုတ်ပေးတယ်။

‘လူလေး စားလိုက်။ မင်းကြည့်ရတာ ဗိုက်ဆာနေတဲ့ ပုံပဲ။ စားပြီးရင် ဟိုမှာ ရေအိုးထဲက ရေသောက်လိုက်’

ဆိုပြီးပြောတော့ ကျွန်တော်လည်း ဆာနေတာနဲ့ ငှက်ပျောသီးတစ်လုံး စားပြီး ရေသောက်လိုက်တော့ နည်းနည်းနေသာ ထိုင်သာရ သွားတယ်။ အဲဒါနဲ့ အဲဒီလူကြီးက ...

‘မင်းကြည့်ရတာ ဒီမြို့က ဟုတ်ပုံမပေါ်ဘူး။ မင်း ဘယ်ကလာတာလဲ၊ ဘာလုပ်ဖို့လဲ’

မေးတော့ ကျွန်တော်လည်း ဖြစ်ကြောင်းကုန်စင် ပြောပြပြီး ကျွန်တော် အဲဒီလို ပညာတွေ တတ်ချင်တယ်ဆိုတဲ့ အကြောင်း ပြောပြလိုက်တယ်။ အဲလိုပြောတော့ အဲဒီလူကြီးက ...

‘ဟား ... ဟား ... ဟား ... ဟား ... ဒါဆို ငါ့အိပ်မက်က မှန်နေပြီပေါ့’

‘ဗျာ ... ဘယ်လို ...’

'အေး ... ဟုတ်တယ်၊ ကောင်လေးတစ်ယောက် ဒီဘုရားမှာ ပေါ်လာလိမ့်မယ်တဲ့။ အဲဒါ သွားခေါ်လိုက်ဆိုပြီး မက်လို့ ငါရောက်လာတာ။ ခုတော့ တကယ်ဖြစ်နေပြီပေါ့'

'ဗျာ ... ဒါဆို ... ဦးလေးက ကျွန်တော်လာမှာ ကြိုသိနေတာပေါ့'

'အေး ... ဆိုပါတော့ကွာ။ ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်လဲ'

မေးတော့ ...

'အောင်မြတ်သာပါ။ ဦးလေး နာမည်ကကော ...'

'အေး ... ငါ့နာမည်က ဦးတိက္ခတဲ့ မှတ်ထား။ မင်းရဲ့ ရည်ရွယ်ချက်က လူတွေကို ကယ်တင်ဖို့ဆိုတော့ အဲဒီပညာတွေ သင်ချင်လား'

'ဟာ ... သင်ချင်တာပေါ့။ ဦးလေးက သင်ပေးမှာလား'

လို့ မေးတော့ ...

'အေး ငါကတော့ အစပဲ သင်ပေးမှာ၊ နောက်ပိုင်းကျတော့ ကိုယ့်ဘာသာကိုယ် လေ့ကျင့်ရမှာ။ မင်းကို အခုအခြေခံ သင်ပေးမယ်။ ဒီအတိုင်းတော့ မရဘူးနော်။ လာခဲ့ ... ဘုရားရှေ့မှာထိုင် သစ္စာဆိုရမယ်'

ဆိုပြီးတော့ ငါးပါးသီလကို အရင်တိုင်ပေးတယ်။ နောက်တော့ ... အသက်မသတ်ဖို့ ကတိတောင်းတယ်။ ပြီးတာနဲ့ လွယ်အိတ်ထဲက ဆီစိမ် စက္ကူလေး ထောင့်ရွက် သေးသေးလေး ထုတ်ပြီး မီးရှို့လိုက်တယ်။ ကျလာတဲ့ပြာကို ရေနဲ့ဖျော်ပြီး ကျွန်တော့်ကို တိုက်တယ်။ ကျွန်တော်လည်း သောက်ပြီးကော သူက ...

'မင်း အခုကစပြီး ငါတို့ဂိုဏ်းသား ဖြစ်သွားပြီ။ မင်းခုနက သောက်တဲ့အင်းက အခြေခံ ဂိုဏ်းသားတွေအဖြစ် အသိအမှတ် ပြုတဲ့သဘောပဲ'

စသဖြင့်ပြောတော့ ကျွန်တော်က ...

‘ဆရာကြီးတို့ ဂိုဏ်းနာမည်က ဘာလဲ’

လို့မေးတော့ ...

‘မင်းက ဂိုဏ်းသား ဖြစ်သွားပြီဆိုတော့ ပြောပြရမှာပေ့ါ။ ငါတို့ ဂိုဏ်း နာမည်က အင်းတော်ကြီးဂိုဏ်းတဲ့ (နာမည်လွှဲ)။ ငါတို့ဂိုဏ်းက အောက်လမ်း၊ စုန်း၊ ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မှောက်လုံး၊ မှောက်ပြား၊ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း အားလုံးကို အမိန့်ပေးလို့ ရတယ်။ အဲဒီလို အမိန့်ပေးနိုင် ဖို့ကလည်း ကြိုးစား လေ့ကျင့်ရမယ်’

ဆိုတော့ ကျွန်တော်လည်း ဘယ်လို လေ့ကျင့်ရမှာလဲ၊ ကျွန်တော် လုပ်မယ် ပေ့ါ။ အဲဒီလိုပြောတော့ ဆရာက ဆီစိမ် စက္ကူလေးတစ်ရွက် ထုတ်ပေး တယ်။ ပြီးတော့ ခဲတံလေးတစ်ချောင်း။

‘အဲဒီ ခဲတံနဲ့ ဒီစာရွက်ပေါ်မှာ အင်းကွက်တွေ ရေးရမယ်။ အဲဒီလို ရေးတဲ့ အခါမှာလည်း စိတ်ကို ဒီထဲမှာပဲ နှစ်ထားရမယ်၊ မပျံ့လွင့်ရဘူး။ တစ်နေ့ကို ရေးနိုင်သလောက် ရေးရမယ်။ အင်းကွက် ၁၀၈ ကွက် ရေးနိုင်ပြီဆိုရင် အဲဒီ အင်းတွေကို မီးရှို့ပြီး သောက်ရမယ်။ မင်းရဲ့ရင်ထဲမှာ အင်းစမတွေနဲ့ စေတီ တည်တယ်ဆိုတဲ့ သဘောထားရမယ်။ အဆင့်ကတော့ စေတီတစ်ဆူ တည် ပြီးတာနဲ့ တစ်ဆင့်တက်မယ်။ မင်းရေးရမယ့်အင်းကို အခုတော့ ငါပြောပြ မယ်။ ပထမဆုံး ဖြစ်တဲ့အတွက် လေးကွက်အင်း ဆွဲရမယ်။ ပြီးတော့ အဲဒီ အကွက်လေးကွက်မှာ စမအက္ခရာတွေ ရေးရမယ်။ အားလုံး လေးကွက် အင်း ၁၀၈ ကွက် ဆွဲရမယ်။ ဘယ်လိုလဲ မင်း သဘောပေါက်ပြီလား’

‘ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါပြီ’

‘ခုလောလောဆယ် မင်း ဒီဇရပ်မှာ ငါနဲ့ အတူတူ နေရမယ်။ ဒါက အထက် ဆရာကြီးတွေရဲ့ လမ်းညွှန်ချက်ပဲ။ ကဲ ... ခုကစပြီး ဆွဲတော့’

ကျွန်တော်လည်း မဆွဲတတ်ဆွဲတတ်နဲ့ စဆွဲတော့ အစပိုင်းမှာ အထိုင်မကျဘူး။ လေးကွက်အင်း ငါးကွက်၊ ခြောက်ကွက်လောက် ဆွဲပြီးတော့ နည်းနည်းအဆင်ပြေလာတယ်။ ဆီစိမ်စက္ကူက အကြီးကြီးတစ်ကွက် ဆွဲတိုင်း ပါးစပ်ကလည်း ဆွဲတဲ့ စမအက္ခရာတွေကို ရွတ်ရတယ်။ ဆရာကတော့ စိတ်မပျံ့လွင့်အောင် ရွတ်ခိုင်းတယ်ဆိုပဲ။ ကျွန်တော်ဆို၊ ဆွဲနေရင်း စိတ်ကအမေ့ဆီ ရောက်လိုက်၊ ရွာက သူငယ်ချင်းတွေဆီ ရောက်လိုက်။ စိတ်က ဂနာမငြိမ်ဘူး။ တစ်ခါတလေ ထွေးငယ်လေးရဲ့မျက်နှာကို မြင်လာတယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်မြောက်တဲ့နေ့မှာ ကျွန်တော့်စိတ်တွေ နည်းနည်းတည်ငြိမ် လာတယ်။ လေးရက်မြောက်နေ့မှာ ကျွန်တော် လေးကွက်အင်းကို အောင်အောင်မြင်မြင် ဆွဲနိုင်ခဲ့တယ်။ ပြီးတော့ ဆရာက လေးကွက်အင်း ၁၀၈ ကွက်ကို မီးရှို့ရေဖျော်ပြီး ကျွန်တော့်ကို တိုက်တယ်။ ပြီးတော့ ...

'မင်းရင်ထဲမှာ စေတီတစ်ဆူ တည်ခဲ့ပြီးသွားပြီ။ မင်း အဲဒီလို စေတီ ၁၀၈ ဆူ တည်ရမယ်။ ၁၀၈ ဆူ တည်ပြီးတဲ့နေ့ မင်းကို ဘယ်စုန်းကဝေ၊ နတ်စိမ်းတွေကမှ မယှဉ်ရဲတော့ဘူး။ စေတီ ၁၀၈ ဆူ တည်ဖို့ဆိုတာ အနည်းဆုံး ... ငါးနှစ်လောက် ကြာလိမ့်မယ်။ အဲဒါ တစ်ခုတည်းနဲ့လည်း မရဘူး။ ကျင့်ကြံအားထုတ်ရမယ်။ စေတီတစ်ဆူ တည်ပြီးတိုင်း သက်သတ်လွတ် အဓိဋ္ဌာန်တစ်ပတ်ဝင်ရမယ်။ တရားထိုင်ရမယ်၊ အဲဒီလို ထိုင်တဲ့အခါမှာ မင်းကိုနောက် ၈ ကွက်အင်းတက်ဖို့ ဆရာတွေက စမအက္ခရာတွေ လာပေးလိမ့်မယ်။ အဲဒီလို လာပေးမှ မင်းအဓိဋ္ဌာန်ကို ဖျက်ရမယ်။ မပေးမချင်း မင်းဆက်ဝင်ရမယ်။ မင်းရဲ့ စိတ်တည်ငြိမ်မှု၊ သမထအား ကောင်းမှုအပေါ် မူတည်တယ်။ ကြိုးစားရင် ကြိုးစားသလို မင်းအတွက် ထူးခြားလာမှာပဲ။ ခု ... မင်းက လေးကွက်အင်းနဲ့ စေတီတည်ခဲ့ပြီ ဆိုတော့ အဓိဋ္ဌာန် မနက်ဖြန်က စပြီး ဝင်ရမယ်'

ဆိုပြီး သေချာရှင်းပြတော့ ကျွန်တော်က ...

'ဆရာကြီးကကော ... စေတီ ဘယ်နှဆူ တည်ပြီးပြီလဲ၊ အင်းကွက်ကော ဘယ်နှကွက် ဆွဲနေရလဲ'

ဆိုပြီး မေးတော့ ...

'ငါက စေတီ ၉၉ ဆူ တည်ပြီးပြီ။ အင်းစမကွက် ၆၂ ကွက် ဆွဲနေတယ်။ ကဲ ... ဘာထပ်သိချင်လဲ ဟားဟားဟား ...'

ဆိုပြီး ဝမ်းခေါင်းသံကြီးနဲ့ ရယ်လိုက်တာ ကျွန်တော် ကြက်သီးမွေးညင်းတွေပါ ထလာခဲ့တယ်။

'ဒါဆို ဆရာကြီးက စုန်းတွေ၊ ကဝေတွေ နိုင်တာပေါ့နော်'

လို့ မေးတော့ ဆရာကြီးက ကွမ်းတစ်ယာကို ပါးစပ်ထဲ ထိုးထည့် ပြီး ပလုတ်ပလောင်း အသံနဲ့ ...

'နောက်တော့ မင်းသိလာမှာပေါ့ကွာ။ ခုတော့ အဓိဋ္ဌာန်ဝင်ဖို့ ပြင်ဆင်ထား'

ဆိုပြီး ဇရပ်ဘေးက ဘုရားမှာ တရားထိုင်ဖို့ ထွက်သွားပါလေရဲ့။ နောက်နေ့က စပြီး ကျွန်တော်လည်း တရားထိုင်၊ အဓိဋ္ဌာန်ဝင်တာပဲ။ တစ်နေ့ကို သုံးနာရီတစ်ခါ လေးကြိမ် တရားထိုင်ရတယ်။

အစပိုင်းတော့ မထိုင်နိုင်ဘူး။ နှစ်ရက်၊ သုံးရက်လောက်ကြာတော့ စိတ်က တော်တော်တည်ငြိမ်လာတယ်။ အေးချမ်းလာတယ်။ မထချင်တော့ လောက်အောင် သမာဓိက ကောင်းလာတယ်။ လေးရက်မြောက် နေ့မှာတော့ ကျွန်တော့် အာရုံထဲမှာ ပိတ်ဖြူစင်ကြယ်နဲ့ အဘိုးတစ်ယောက်လာပြီး 'လူလေး ... မင်း အဓိဋ္ဌာန် ပြီးတာနဲ့ ဒီ ၈ ကွက်အင်းကို ဆွဲရမယ်' ဆိုပြီး ကျွန်တော့် လက်ထဲကို ဆီစိမ်စက္ကူ အင်းကွက်လေး လာပေးသွားတယ်။

ကျွန်တော်လည်း တရားဖြုတ်တော့ အဲဒီအကြောင်း ဆရာ့ကိုပြော မယ်ဆိုပြီး အထ၊ လက်ထဲမှာ တစ်ခုခု ရှိနေသလို ခံစားမိတာနဲ့ ကြည့်လိုက်တာ အာရုံထဲမှာ လာပေးသွားတဲ့ အင်းစမ ၈ ကွက်ကို အကျအန ဆွဲထားတာ။ အဲဒါနဲ့ ကျွန်တော်လည်း ဝမ်းသာအားရ ဆရာ့ကို ပြောမလို့လုပ်တော့ … ဆရာက လက်ကာပြတယ်။

'အောင်မြတ်သာ … ငါသိတယ်၊ မင်းမှာ ပါရမီရှိတယ်။ ငါ့တုန်းကဆို အဲဒီလို ၈ ကွက်အင်းတက်ဖို့ ၁၆ ရက်တိတိ အဓိဋ္ဌာန်ဝင်ရတယ်။ မင်းက လေးရက်တည်းနဲ့ အင်းစမ ချီးမြှင့်တာ ခံရတယ်ဆိုတော့ မင်းဆက်ကြိုးစား၊ အောင်မြင်လာလိမ့်မယ်'

ဆိုပြီး ဆရာက ချီးကျူးတယ်။

နောက်ပိုင်း ကျွန်တော်လည်း အချိန်ရရင် ရသလို အင်းစမကွက်တွေ ထိုင်ဆွဲနေတော့တာပဲ။ တစ်ဆင့်တက်တိုင်း … အာရုံထဲကို တစ်ခါ စမ အင်းကွက်တွေ လာလာပေးတယ်။ လေးလမြောက်တဲ့ နေ့မှာ ကျွန်တော် အင်းစမ ၁၆ ကွက်ထိ တိုးလာတယ်။ စေတီ ငါးဆူ တည်ပြီးသွားပြီ။ ဆရာကတော့ ပြောတယ်၊ အင်းစမ ၆၂ ကွက် ရောက်ပြီဆိုရင် ထပ်မတက်ရတော့ဘူးတဲ့။ စမစာလုံးတွေပဲ ပြောင်းရေးရမယ်တဲ့။

တစ်ခါတစ်ခါဆို ကျွန်တော် အင်းကွက်တွေ ရေးနေတဲ့အချိန် အနားမှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တွေ၊ ဇော်ဂျီတွေ၊ တစ်ခါတလေ သင်္ကန်းဝတ်တွေနဲ့ ဆရာတော်တွေ သွားလာနေတာ မြင်ရတယ်။ ကျွန်တော်ရေးတဲ့ စမအင်းကွက်တွေကနေလည်း တစ်ခါတစ်ခါ အရောင်ပြိုးပြိုး ပြက်ပြက် အလင်းတန်းတွေ ထွက်လာတတ်တယ်။ ကျွန်တော်ကလည်း ကျွန်တော့်အဆင့် ဘယ်လောက် ရောက်နေပြီဆိုတာ စမ်းသပ်ကြည့်ချင်တဲ့ စိတ်တွေ တဖွားဖွား ဖြစ်လာတယ်။

တစ်နေ့တော့ ကျွန်တော့်အဆင့်ကို ကျွန်တော် စမ်းသပ်ခွင့်ရခဲ့တယ်။ ဆရာကြီးက ဆီစိမ်စက္ကူ ဝယ်ခိုင်းလို့ ဈေးထဲမှာ သွားဝယ်ပြီးအပြန် ဈေးထိပ်က အိမ်မှာ လူစုစုရုံးရုံး ဖြစ်နေတော့ ဘာဖြစ်လဲဆိုပြီး သွားကြည့်တော့ … ကောင်မလေးတစ်ယောက် မျက်လုံးတွေနီပြီး သွားရည်တွေ တမျှားမျှား ကျနေတာ။ ပါးစပ်ကလည်း ဂူးဂူးဝါးဝါး အော်နေတယ်။ ဝိုင်းဆွဲနေတဲ့ လူကြီးငါးယောက်က ကောင်မလေး ကိုယ်သေးသေးလေးကို မထိန်းနိုင်ဘူး။ မိဘတွေကတော့ ဘာလုပ်ရမှန်း မသိဘူးလေ။

ကျွန်တော်ကတော့ သိလိုက်ပြီ။ ဒါ အပမှီနေပြီ။ တော်ရုံတန်ရုံတော့ မဟုတ်ဘူး။ သရဲက တော်တော် ရင့်နေပြီ။ ပြောနေရင်း ကောင်မလေးက သူ့ကို အမဲသား သုံးပိဿာ ချက်ကျွေး၊ ခုချက်ချင်း မကျွေးရင် ဒီကောင်မလေး အသက်ကို နုတ်မယ်ဆိုပြီး ပြောတော့ ကျွန်တော်လည်း မနေသာတော့ဘူး။ ကျွန်တော် လူကြားထဲကိုတိုးပြီး ကောင်မလေးအရှေ့မှာ ရပ်လိုက်တယ်။ ကျွန်တော့်ကို မြင်တယ်ဆိုရင်ပဲ ဝင်ပူးနေတဲ့ ကောင်မလေးက …။

(အပိုင်း(၄) ဆက်လက် ရှုစားပါရန် …။)

***